BUSINESS

# တရုတ်ပုံပြင်

အယ်ဒီတာ။ ။ဤအကြိမ်မှစပြီး "တရုတ်ပုံပြင်"ဆောင်းပါးကော်လံသစ်ကို တင်ပြသွားမည်ဖြစ်သည်။ လူအများစိတ်ဝင်စားကြသော "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" ၊ လာဘ်ပေးလာဘ်ယူတိုက်ဖျက်ခြင်း၊ ဆင်းရဲခြင်းမှလွတ်မြောက်ခြင်းစသည့် လူကြိုက်များပြီးဆန်းသစ်သည့်အကြောင်းအရာများနှင့်အတူ သာမန်လူများ၏ပုံပြင်မှတစ်ဆင့် ကမ္ဘာသူကမ္ဘာသားများအား စစ်မှန်သောတရုတ်နိုင်ငံကြီးကို အပြည့်အဝသိရှိနားလည်စေရန် ဖော်ပြသွားပါမည်။

# "အသစ်တီထွင်မှုလေးရပ်" နိုင်ငံခြားမိတ်ဆွေများအတွက် စိတ်ဝင်စားဖွယ်ပျော်ရွှင်ဖွယ်ဖြစ်

"ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု"လမ်းတစ်လျှောက် နိုင်ငံပေါင်း(၂၀)မှ လူငယ်များပါဝင်ဖွဲ့စည်းထားသော အစီအစဉ်တစ်ခုတွင် အရှိန်မြင့်ရထား၊ **Alipay**၊ အများအတူမျှဝေစီးနင်းသည့်စက်ဘီးနှင့် အွန်လိုင်းဈေးဝယ်မှုစသည်များကို တရုတ်နိုင်ငံ၏ အသစ်တီထွင်မှုလေးရပ်အဖြစ် ရွေးချယ်ထားကြကြောင်းသိရပါသည်။

တရုတ်နိုင်ငံတွင် ပိုမိုမြင့်မားလာသောနည်းပညာများကို ပြည်သူပြည်သားများနေထိုင်မှုဘဝသို့ဝင်ရောက်ခြင်းကြောင့် နိုင်ငံခြားမိတ်ဆွေများအတွက် စိတ်ဝင်စားဖွယ်ပျော်ရွှင်ဖွယ်ဖြစ်လာကြသည်။

ရှေးအခါက "တီထွင်မှုလေးရပ်"မှာ စက္ကူတီထွင်နည်း၊ သံလိုက်အိမ်မြှောင်၊ ယမ်းနှင့် ပုံနှိပ်နည်းပညာကို တီထွင်ခဲ့ခြင်းဖြင့် ကမ္ဘာ့တိုးတက်မှုကို တွန်းတင်ပေးခဲ့သည်။ တရုတ်နိုင်ငံသည်နည်းပညာဆန်းသစ်မှုဖြင့် မိမိ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွေးအခေါ်ကို ထပ်မံပြသလိုက်သည်မှာ ဆန်းသစ်၊ ညှိနှိုင်း၊ ဖွင့်လှစ်၊ အတူမျှဝေစသည်တို့ဖြစ်ကြပါသည်။

"ကျွန်တော် တရုတ်နိုင်ငံမှာ အပြင်ထွက်ရင် ပိုက်ဆံအိတ်ကို သယ်သွားစရာမလိုတော့ဘူး။ ဖုန်းတစ်လုံးကိုင်သွားတာနဲ့ စားချင်တာစားဝယ်ချင်တာဝယ်လို့ရတယ်။ လမ်းဘေးကမုန့်ပြားရောင်းတဲ့အမ်တီစီမှာတောင် alipay သုံးလို့ရတယ်။"ဟု ကမ္ဘောဒီးယားမှ တရုတ်နိုင်ငံသို့ ပညာတော်သင်ရောက်လာသည့် ကျောင်းသားလင်ကျင်းလုံက ပြောပြသည်။ "ဒီမှာစားချင်တာရှိရင် အင်တာနက်ပေါ်ကနေ ပါဆယ်မှာယူလို့ရတယ်။ အရမ်းအဆင်ပြေပါတယ်။ ဒါပေမဲ့ ကိုယ့်အိမ်မှာဆိုရင် စားချင်တာရှိရင် အပြင်ထွက်ဝယ်ရတယ်။" အစားအသောက်ကို အလွန်စိတ်ဝင်စားသူတစ်ယောက်ဖြစ်ပါသည်။

ပေကျင်း နိုင်ငံခြားဘာသာတက္ကသိုလ် ပိုးထည်လမ်းမသုတေသနအကယ်ဒမီတွင် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု"လမ်းတစ်လျှောက် နိုင်ငံ(၂၀)မှလူငယ်များက "အိမ်သို့သယ်ပြန်သွားလိုသည့် တရုတ်နိုင်ငံနေထိုင်မှု" ခေါင်းစဉ်ဖြင့် ဆွေးနွေးသည့်အခါတွင် လင်ကျင်းလုံက alipayနှင့် အွန်လိုင်းဈေးဝယ်ခြင်းကို ဦးစွာရွေးချယ်ခဲ့သည်။ ပေကျင်း နိုင်ငံခြားဘာသာတက္ကသိုလ် ပိုးထည်လမ်းမသုတေသနအကယ်ဒမီ အမှုဆောင်ဌာနမှူးဝူဟောက်က "ဆွေးနွေးပွဲရလဒ်ထွက်လာသည်မှာ အရှိန်မြင့်ရထား၊ Alipay၊ အများအတူမျှဝေစီးနင်းသည့်စက်ဘီးနှင့် အွန်လိုင်းဈေးဝယ်ခြင်းစတဲ့ အပိုင်းကဏ္ဍလေးပိုင်းမှာ စုဝေးနေတယ်လေ။ ဒါကြောင့် 'အသစ်တီထွင်မှုလေးရပ်'ဟု ခြုံငုံခေါ်ဆိုလိုက်ပါတယ်။"ဟု ပြောပြခဲ့သည်။



တရုတ်နိုင်ငံအခြေစိုက်ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကိုယ်စားလှယ် စစ်ဟောတယ်သည် စက်ဘီးစီးဝါသနာရှင်တစ်ဦးဖြစ်သည်။ သူ၏ wechat profileပုံမှာ စက်ဘီးတစ်စီးပုံဖြစ်သည်။ momentထဲတွင် တရုတ်နိုင်ငံ၏ အများအတူမျှဝေစီးနင်းသည့် စက်ဘီးထွက်ပေါ်လာသည့် သတင်းများစွာကို မျှဝေပေးနေလျက်ရှိသည်။ "အများအတူမျှဝေစီးနင်းသည့်စက်ဘီးသည် လူသားများဘဝထဲကို စက်ဘီးပြန်လည်ဝင်ရောက်လာစေတယ်လေ။ အဲဒါက အရမ်းအဆင်ပြေတယ်၊ ဈေးလည်းသက်သာတယ်။"ဟု သူက ပြောသည်။

အများအတူမျှဝေစီးနင်းသည့်စက်ဘီးသည် ရိုးရိုးစက်ဘီးတစ်စီးသာမက ဂြိုဟ်တုGPSစနစ်၊ ရွှေ့လျားငွေပေးချေခြင်း၊ ဒေတာကိန်းဂဏန်းစသည့်နည်းပညာများစွာဖြင့် ထောက်ပံ့ထားခြင်းဖြစ်သည်။ တရုတ်နိုင်ငံတွင် လုပ်ငန်းစတင်တည်ထောင်သူများသည် ကမ္ဘာပေါ်တွင် ပထမဆုံး၌နည်းပညာများကိုစုဆောင်းပြီး အများအတူမျှဝေစီးနင်းသည့် စက်ဘီးကိုတီထွင်ခဲ့သည်။ ယခုစင်္ကာပူ၊ အင်္ဂလန်စသည့် ပင်လယ်ရပ်ခြားဈေးကွက်များသို့ စတင်ဝင်ရောက်နေပြီဖြစ်သည်။

အင်္ဂလန်နိုင်ငံ Forresterဈေးကွက်မေးမြန်းစုံစမ်းရေးကုမ္ပဏီဆန်းစစ်မှုချုပ်တိုက်ခွန်က အသစ်တီထွင်မှုလေးရပ်ကိုပြောဆိုရာတွင် "အတွေးအခေါ်အားလုံး၊ စီးပွားရေးပုံစံအားလုံး(သို့မဟုတ်)သက်ဆိုင်ရာ နည်းပညာအားလုံးဟာ တရုတ်နိုင်ငံမှ စတင်တာမဟုတ်ပေမဲ့ ဒီကုန်ပစ္စည်းများနဲ့ ဝန်ဆောင်မှုများဟာ ခရီးသွားပြည်သူများ၊ အသုံးပြုသူများနှင့် မြို့သူမြို့သားများ၏ ခံစားချက်ကို ပြုပြင်ပြောင်းလဲပေးပြီး တရုတ်နိုင်ငံမှ တစ်ကမ္ဘာလုံး စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တွန်းတင်ပေးနိုင်ခဲ့တယ်။

အဆိုပါအခြေအနေကို ပြောဆိုသည့်အချိန်အခါတွင် တရုတ်နိုင်ငံအခြေစိုက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းကိုယ်စားလှယ်စစ်ဟောတယ်က"တရုတ်နိုင်ငံဟာ ဆန်းသစ်သောခေတ်တစ်ခုကို ရောက်ရှိနေပြီ။"ဟု ချီးမွမ်းပြောဆိုခဲ့သည်။

# "ပေကျင်း၊ ရှန်ဟိုင်း၊ကွမ်ကျိုး" တွင် ယူနန် Matsutake ရောင်းအားကောင်း

ယခုအချိန်မှာ ယူနန်Matsutake ဈေးကွက်အတွင်းသို့ များစွာဝင်ရောက်အချိန်ဖြစ်သည်။ ဒေသခံအမိကထုတ်လုပ်မှုဇုန်မှရောက်ရှိသော Matsutake များသည် နေ့စဉ်ဖလှယ်မှုပမာဏမှာ တန်ချိန်ပေါင်းရာချီကျော်ရှိပြီး ပျှမ်းမျှဈေးနှုန်းမှာ တစ်ကီလိုဂရမ်(၃၀၀)ယွမ်အထိလျော့နည်းခဲ့သည်။ အဓိကမှာ တရုတ်နိုင်ငံပြည်တွင်း ပေကျင်း၊ ရှန်ဟိုင်း၊ ကျဲကျန်းဟောင်ကျိုး၊ ကွမ်တုံကွမ်ကျိုးစသည့်မြို့များသို့ ရောင်းချခဲ့သည်။ ဥရောပ၊ အမေရိကန်နှင့်ဂျပန်၊ တောင်ကိုးရီးယားစသည့် နိုင်ငံတကာဈေးကွက်သို့လည်း ထွက်ကုန်အဖြစ်များစွာရောင်းချဖြန့်ဖြူးနေပါသည်။



ယခုယူနန်ပြည်နယ်သည် တရုတ်နိုင်ငံ Matsutakeထွက်ကုန်အများဆုံးသော ပြည်နယ်ဖြစ်သည်။ ပြည်တွင်းဈေးကွက်အတွင်း ရောင်းအားကောင်းခြင်းသာမက ပြည်ပထွက်ကုန်မှာ တစ်နိုင်ငံလုံး စုစုပေါင်းပမာဏ၏ (၇၀%)ရှိပြီး ဂျပန်သွင်းကုန်ပမာဏ၏ (၄၀%)ရှိသည်။ ယူနန်Matsutakeသည် ယူနန်ပြည်နယ် မှိုရိုင်းထွက်ကုန်အမှတ်တံဆိပ်ကိုယ်စားပြုကုန်ပစ္စည်းဖြစ်လာနေသည်။

(ရန်ကျိန်း)

# ဖူအာလ်လက်ဖက်သည် တရုတ်နိုင်ငံလက်ဖက်၏ ပထမအမှတ်တံဆိပ်ဖြစ်လာ

(၁၂)ကြိမ်မြောက်တရုတ်နိုင်ငံ ယူနန်ဖူအာလ်လက်ဖက်ခြောက် နိုင်ငံတကာကုန်စည်ဖလှယ်ပြပွဲ(အောက်တွင်"လက်ဖက်ကုန်စည်ပွဲ"ဟု တိုချုံးခေါ်ဝေါ်သည်)တွင် တရုတ်နိုင်ငံလက်ဖက်အများပိုင်အမှတ်တံဆိပ်ကြီး(၁၀)ခုအတွင်း "ဖူအာလ်လက်ဖက်ခြောက်"သည်အမှတ်စဉ်ရရှိခဲ့ပြီး အမှတ်တံဆိပ်တန်ဖိုးမှာ ယွမ်ငွေပေါင်း(၆)ဘီလီယံရှိကြောင်း သတင်းရရှိခဲ့သည်။ ပထမဆုံးအကြိမ်လက်ဖက်အများပိုင်အမှတ်တံဆိပ်တန်ဖိုးအစီအစဉ်၏တစ်နိုင်ငံလုံးပထမအဖြစ်သို့ ရောက်ရှိခဲ့သည်။

ယခုနှစ်ပိုင်းတွင် အခြေခံစခန်းဆောက်လုပ်ခြင်း၊ စွမ်းအားကောင်းကုမ္ပဏီအဖွဲ့တို့ကို အထောက်အကူပေးခြင်း၊ စံချိန်စံနှုန်းတည်ထောင်ခြင်း၊ သိပ္ပံနည်းပညာခိုင်မာစေခြင်း၊ အမှတ်တံဆိပ်တည်ထောင်ခြင်း၊ ဈေးကွက်ချဲ့ထွင်ခြင်းစသည်များဖြင့် ယူနန်ပြည်နယ်၏လက်ဖက်ခြောက်လုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်မှု အခွင့်အရေးများ ရရှိလာခဲ့သည်။ ၂၀၁၆ခုနှစ် ယူနန်လက်ဖက်စိုက်မြေမျက်နှာပြင်ဧရိယာသည် မူ(၆၁)သိန်းကျော်ရှိပြီး ထုတ်နှုန်းမှာတန်ချိန်(၃၇.၅)သောင်းရှိကာ တရုတ်နိုင်ငံမှာ ဒုတိယမြောက်နေရာမှာဖြစ်သည်။ တစ်ပြည်နယ်လုံး လက်ဖက်အထွေထွေထုတ်လုပ်မှုတန်ဖိုးမှာ ယွမ်ငွေပေါင်း(၆၇)ဘီလီယံဖြစ်ပြီး လက်ဖက်လုပ်ငန်းမှ လက်ဖက်စိုက်ပျိုးရေးသမားတစ်ဦးလျှင်ပျှမ်းမျှဝင်ငွေမှာ (၂၉၀၀)ယွမ်ရှိသည်။ ယူနန်လက်ဖက်သည် ယူနန်စီးပွားလူမှုဖွံ့ဖြိုးတိုးတက်ရေး၏ အလေးပါသည့် အင်ဂျင်အဖြစ်ဖြစ်လာနေပါသည်။

(တွမ်ရှောင်ရွှေ)